# ဓမ္မခန္ဓာ (၈၁) ဆွဲလိပ်ခံရခြင်း (အတ်–တာ့က်ဝီး၍)

ဥဇာက်စဉ်ကိန်းဝပ်ပေးမှု အမှတ်စဉ် (၇)၊ သုတ်ဒေသနာ (၂၉)ပါး၊

ဦးဌေးလွင်ဦး ပြန်ဆိုသည်။

**بِسْمِ اللهِ الرَّحْمَنِ الرَّحِيمِ**

ကရုဏာရှင် အကြင်နာရှင် ဖြစ်တော်မူသော ပရမတ်ဘုရားရှင်၏ ဂုဏ်တော်အားဖြင့်–[၁း၁]

| | |
|---|---|
| ၁။ | **إِذَا الشَّمْسُ كُوِّرَتْ**۞<br>နေလုံးအား ဆွဲလိပ်ခံရသော အခါ–[၁၂၈] |
| ၂။<br>★၇၃း၁၈ | **وَإِذَا النُّجُومُ انكَدَرَتْ**۞<br>ကြယ်တာရာများ ညက်ညက်ကြေသွားသောအခါ–★ |
| ၃။<br>☆၁၃း၃၁ | **وَإِذَا الْجِبَالُ سُيِّرَتْ**۞<br>တောင်တန်းများ လွင့်ပါးဖယ်ရှားခံရသောအခါ–☆ |
| ၄။ | **وَإِذَا الْعِشَارُ عُطِّلَتْ**۞<br>မျိုးပွားခြင်းအား သားဆက်ခြားခံရသောအခါ–[၁၂၉] |
| ၅။ | **وَإِذَا الْوُحُوشُ حُشِرَتْ**۞<br>တောရိုင်းတိရိစ္ဆာန်တို့အား စုစည်းစေသောအခါ– |
| ၆။ | **وَإِذَا الْبِحَارُ سُجِّرَتْ**۞<br>သမုဒ္ဒရာများ ရေပြည့်လျှံလာသောအခါ– |
| ၇။ | **وَإِذَا النُّفُوسُ زُوِّجَتْ**۞<br>ဉာဉ်စရိုက်တို့အား ပေါင်းဖက်စုစည်းသောအခါ– |

---

**(၁၂၈)** ဤသုတ်တော်များမှ နေများ၊ ကြယ်များ၊ တောင်တန်းများသည် ပျက်စီးရသော အခါ ဆိုသည်မှာ အာဏာရှိနေသော သာသနာပ ခေါင်းဆောင်ကြီးများ ကျဆုံးရသော အခါ–ဟု ဆိုလိုပေသည်။ သုတ်တော် (၁)၌ သုံးထားသော စကားလုံး **နေလုံးအား ဆွဲလိပ်ခံရသော အခါ၊** ဆိုသည်ကို သိပ္ပံရှုဒေါင့်မှကြည့်လျှင် လွန်စွာ အံ့သြဘွယ်ကောင်းနေပေသည်၊ ကျမ်းတော်က ဤစကြာဝဠာကြီးသည် အလွန်လျှင်မြန်သော အမြန်နှုန်းဖြင့် အစဉ်ပြန့်ကားထွက်နေသည်ဟု ဆိုပေသည်– ၂၁း၃၀။ ၅၁း၄၇။ တဖန် နောက်ဆုံး သူ့ဒီကရီ ဆုံးသွားသောအခါ– ထိုအလျှင်နှုန်းနှင့်ပင် ပြန်လည်လိပ်ခေါက်လာမည်ဟု ဆိုပေသည်– ထိုအခါ စကြာဝဠာအတွင်းမှ နေ၊ လ၊ ဂြိုလ်၊ ကြယ်– အားလုံးသည် ပြန်လည်လိပ်ခေါက်သည့် အတွင်းတွင် ပါသွားမည်ပင် ဖြစ်သည်ဟု ဆိုထားခြင်း ဖြစ်ပေသည်။

**(၁၂၉)** ဤသုတ်တော်မှစ၍ ခေတ်တစ်ခေတ်ကို ပြောဆိုခြင်း ဖြစ်ပေသည်။ လူသားများအကြား၌ အမှန်တရားကို လိုက်လံရှာဖွေ လက်ခံလာမည့် ခေတ်ကို ဆိုလိုခြင်း ဖြစ်ပေသည်။ ထိုခေတ်ကာလသည် ပဋိသန္ဓေတားဆေးများ ပေါ်လာမည်–(၄)၊ တိရိစ္ဆာန်ရုံ– တိရိစ္ဆာန်ဥယျာဉ်များပေါ်လာမည်–(၅)၊ ကမ္ဘာကြီးပူနွေးလာ၍ ရေခဲတောင်များ ပျော်လာကာ သမုဒ္ဒရာပင်လယ်ရေများ လျှံလာမည်–(၆)။ လမ်းစဉ်ဝါဒချင်း ပေါင်းစည်း ဖလှယ်လျှက် လူသားဝါဒသစ်များ ပေါ်လာမည်–(၇)။ အရှင်သေနေရသော အမျိုးသမီးများ၏ ဘဝ အတွက် အမျိုးသမီးအခွင့်အရေးတောင်းဆိုမှုများ ပေါ်လာမည် – (၈–၉)။ လူတစ်ဦးချင်းစီ၏ လုပ်ရပ်များကို ဖုံးကွယ်ထား၍ မရနိုင်သော သတင်းမီဒီယာများ ပေါ်လာမည်– (၁၀)။ဟု ဖြစ်ပေသည်။ ထိုခေတ် ထိုအခါသို့ ရောက်လာသော်– လူသားတို့သည် အမှား၌ ပျော်မွေ့ခဲ့ရခြင်းကို ရှက်ကြောက်စိတ်များ ပေါ်လာလျှက် အမှန်တရားကို ကြိုးစားရှာ ဖွေလာကြမည်ဟု ဆိုလိုပေသည်။

| | |
|---|---|
| ၈။ | وَإِذَا الْمَوْءُودَةُ سُئِلَتْ ۞<br>အရှင်လတ်လတ် မြေမြှုပ်ခံရသောသူမအား မေးမြန်းသောအခါ– |
| ၉။ | بِأَيِّ ذَنبٍ قُتِلَتْ ۞<br>မည်သည့် ကံကြွေးကြောင့် အသတ်ခံရသနည်း၊ |
| ၁၀။ | وَإِذَا الصُّحُفُ نُشِرَتْ ۞<br>မှတ်တမ်းမှတ်ရာများကို ဖွင့်ပြခံရသောအခါ– |
| ၁၁။ | وَإِذَا السَّمَاءُ كُشِطَتْ ۞<br>မိုးကောင်းကင်အား အဖုံးလှန်ခံရသောအခါ–[၁၃၁၀] |
| ၁၂။ | وَإِذَا الْجَحِيمُ سُعِّرَتْ ۞<br>ငရဲဘုံအား မီးမွှေးခံရသောအခါ– |
| ၁၃။ | وَإِذَا الْجَنَّةُ أُزْلِفَتْ ۞<br>ဥယျာဉ်ဘုံအား အပါး၌ ရှိစေသောအခါ– |
| ၁၄။ | عَلِمَتْ نَفْسٌ مَّا أَحْضَرَتْ ۞<br>ဝိညာဉ်စရိုက်သည် သူအသင့်ပြင်ခဲ့သည်ကို သိရလတ္တံ့။ |
| ၁၅။ | فَلَا أُقْسِمُ بِالْخُنَّسِ ۞<br>ငါ ကျိန်ဆိုတိုင်တည်သည်မှာ–ဂြိုလ်များ |
| ၁၆။ | الْجَوَارِ الْكُنَّسِ ۞<br>ဂြိုလ်ပတ်လမ်း၌ လှည့်ပြေးနေခြင်း အားဖြင့်–[၁၃၁၁] |
| ၁၇။ | وَاللَّيْلِ إِذَا عَسْعَسَ ۞<br>ထွက်ခွာသွားသော ညအားဖြင့်– |
| ၁၈။ | وَالصُّبْحِ إِذَا تَنَفَّسَ ۞<br>ထွန်းလင်းလာသော နံနက်အားဖြင့်– ဖြစ်၏။[၁၃၁၂] |

**(၁၃၁၀)** မိုးကောင်းကင်အား အဖုံးလှန်ခံရသောအခါ– ဆိုသည်မှာ စီးမိုးအုပ်ချုပ်ထားသော အာဏာရှင်ကြီးများ ဇတ်ကြောင်းပေါ် ပြုတ်ကျရသောအခါဟု ဆိုလိုပေသည်။ နိုင်ငံရေး အာဏာရှင် တစ်မျိုးတည်းကို ဆိုလိုခြင်း မဟုတ်ချေ။ ဘာသာရေး မောင်ပိုင်စီးထားသော ဘုန်းကြီးရဟန်းဝါဒ အာဏာရှင်များ၊ စီးပွားရေး မောင်ပိုင်စီးထားသော ဓနရှင်၊ မြေရှင်၊ ကြေးရှင်ဝါဒ အာဏာရှင်များ အားလုံးကို ဆိုလိုပေသည်။ ထိုသူများအနက်မှ လူဆိုးလူကောင်းတို့၏ ဒုက္ခ၊ သုခ ကို သုတ်တော် ၁၂၊ ၁၃ တို့က ဆက်လက်ပြောထားပေသည်။ ဤသုတ်တော်များမှ ငရဲ၊ ဥယျာဉ်ဟု ခေါ်သော နိဗ္ဗာန်တို့မှာ နောင်ဘဝကို ရည်ညွှန်းခြင်း မဟုတ်ချေ။ လောကငရဲ၊ လောက နိဗ္ဗာန်ကို ရည်ညွှန်းခြင်းသာ ဖြစ်ပေသည်။

**(၁၃၁၁)** ကြယ်၊ ဂြိုလ်များသည် ဂြိုလ်ပတ်လမ်းကြောင်းပေါ်၌ လှည့်လည်နေခဲ့ကြောင်းကို လွန်ခဲ့သော နှစ်ပေါင်း ၁၅၀၀ နီးပါးကပင် ကျမ်းမြတ်ကုရ်အာန်က အတိအကျပြောထားပေသည်။ ယင်းသည် သိပ္ပံအမြင်ဖြစ်၍– ပုံဆောင်ရည်ရွယ်ချက်မှာ– အမှောင်ကျနေသော ခေတ်ကာလတွင် တောက်ပ နေခဲ့သော မိရိုးဖလာ သာသနာများကို ဆိုလိုပေသည်။ ထိုသာသနာတို့သည် အစ္စလာမ်တည်းဟူသော အလင်းရောင်ကြီး ထွန်းလင်းတောက်ပ လာသောအခါ ထိုမိရိုးဖလာ သာသနာများ ပျောက်ကွယ်သွားရမည်ဟု သုတ်တော် ၁၇–၁၈ တွင် ဆိုထားပေသည်။

**(၁၃၁၂)** ဤသုတ်တော်မှ ထွန်းလင်းလာသော နံနက် ဆိုသည်မှာ အစ္စလာမ် သာသနာကို ဆိုလိုပေသည်။

| | |
|---|---|
| ၁၉။ | **إِنَّهُ لَقَوْلُ رَسُولٍ كَرِيمٍ۝**<br>ကေန်ပင်– ၎င်းသည် ကျက်သရေရှိသော ဥဇာ်စဉ်တော်ဆောင်၏ နှုတ်ထွက် ဖြစ်၏။[၁၃၃၃] |
| ၂၀။ | **ذِي قُوَّةٍ عِندَ ذِي الْعَرْشِ مَكِينٍ۝**<br>ထပ်ဆင့်ကွပ်ကဲမှုအား ပိုင်စိုးသည့် အရှင်၏ လွှဲအပ်ခံဖြစ်၍ အင်အားပိုင်စိုးသူ ဖြစ်၏။ |
| ၂၁။ | **مُطَاعٍ ثَمَّ أَمِينٍ۝**<br>နာခံထိုက်သူ သစ္စာရှင် ဖြစ်၏။ |
| ၂၂။ | **وَمَا صَاحِبُكُم بِمَجْنُونٍ۝**<br>သင်တို့၏ အဖေါ်သည် ရူးသွပ်နေသူ မဟုတ်ချေ။ |
| ၂၃။ | **وَلَقَدْ رَآهُ بِالْأُفُقِ الْمُبِينِ۝**<br>မုချပင် သူသည် သူ့ကိုယ်သူ ရှင်းလင်းထင်ရှားသော အမြင့်ဆုံး၌ တွေ့မြင်၏။[၁၃၃၄] |
| ၂၄။ | **وَمَا هُوَ عَلَى الْغَيْبِ بِضَنِينٍ۝**<br>သူသည် စက္ခုလွန်အား တွန့်တိုနေသူ မဟုတ်ချေ။[၁၃၃၅] |
| ၂၅။ | **وَمَا هُوَ بِقَوْلِ شَيْطَانٍ رَجِيمٍ۝**<br>၎င်းသည် ကြင်ဖယ်ခံ မကောင်းဆိုးဝါး၏ နှုတ်ထွက်လည်း မဟုတ်ချေ။ |
| ၂၆။ | **فَأَيْنَ تَذْهَبُونَ۝**<br>သို့ပါလျှက် သင်တို့သည် အဘယ်သို့ သွားကြမည်နည်း။ |
| ၂၇။ | **إِنْ هُوَ إِلَّا ذِكْرٌ لِّلْعَالَمِينَ۝**<br>ကေန်ပင် ဤသည် လောကခပ်သိမ်းအတွက် သတိပေးတရားသာ ဖြစ်၍–[၁၃၃၆] |

**(၁၃၃၃)** ဤသုတ်တော်မှ **ဥဇာ်စဉ်တော်ဆောင်** ဆိုသည်ကို ဆရာတော်ကြီး အများစုက သမိုင်းစာအုပ်များ နောက်သို့လျှက်– **ဂျီဗရာအီလ်** ကောင်းကင်တမန်တော် ဖြစ်သည်ဟု မဆီမဆိုင် ဘာသာပြန်မှုပေါင်းများစွာကို ဝမ်းနည်းဘွယ်တွေ့ရပေသည်။ ဤသုတ်တော်မှ ပြောသော ဥဇာ်စဉ်တော်ဆောင် ဆိုသည်မှာ ကိုယ်တော်မုဟမ္မဒ်ကို ပြောဆိုကြောင်း သုတ်တော် ၂၁ ပါ သူသည် နာခံထိုက်သော သစ္စာရှင် ဖြစ်သည်ဟူသော ဝါကျမှ အတိ အကျထောက်ပြထားပေသည်။ ကိုယ်တော် မုဟမ္မဒ်အား ဥဇာ်စဉ်တော်ဆောင် လောင်းလျှာ ဘဝကပင် သစ္စာရှင် **အမီးန်** ဟု အာရဗ် လောကမှ သိပြီးသားပင်။ ထို့ပြင် "သင်တို့၏ အဖေါ်သည်၊"ဟု သုတ်တော် ၂၂ တွင် တိုက်ရိုက်သုံးထားပေရာ– ထိုစကားလုံးမှာ ကိုယ်တော်မုဟမ္မဒ်ကိုသာ ညွှန်းကြောင်း မည်သို့မျှ ငြင်းဆန်၍ မရချေ။ ကျမ်းတော်တွင် မည်သည့် ကောင်းကင်တမန်တော်ကိုမှ သင်တို့၏ အဖေါ်သည် ဟု သုံးနှုံးဖေါ်ပြခြင်း မရှိပေ။

**(၁၃၃၄)** ဤသုတ်တော်မှ **ရာအာဟု رَآهُ** ဆိုသော စကားလုံးမှာ **သူသည် သူ့အား မြင်ခဲ့သည်၊** ဟု ဖြစ်၍၊ ဆရာတော်ကြီးများက ကိုယ်တော်မုဟမ္မဒ်သည် ကောင်းကင်တမန်မင်းကြီးအား မြင်ခဲ့သည်ဟု လွဲမှားစွာ ပြန်ဆိုကြပေသည်။ ထိုစကားလုံး၏ အနက်အဓိပ္ပါယ်မှာ ကိုယ်တော်သည် သူ့ကိုယ်သူ အမြင့်ဆုံးသော ဥဇာ်စဉ်တော်သို့ ဆိုက်ရောက်ကြောင်းကို မြင်တွေ့ရခြင်းပင် ဖြစ်ပေသည်။ ၅၃း၇ တွင် ကြည့်ပါ။

**(၁၃၃၅)** သူသည် စက္ခုလွန်အား တွန့်တိုနေသည် မဟုတ်ချေ။ ဆိုသည်မှာ ကိုယ်တော်သည် သူရရှိသော ဥဇာ်စဉ်တော်အား သူတစ်ပါး မသိရန် ဖုံးကွယ်ထားခြင်း၊ မပြောဘဲချန်ထားခြင်း လုံးဝ မရှိကြောင်းကို ပြောဆိုထားခြင်း ဖြစ်ပေသည်။ ဤသို့ တိတိကျကျပြောထားပါလျှက်– မွတ်ဆလင်မိရိုး ဖလာလောကကြီးတွင်ပင်– များစွာသော သမိုင်းဆရာများက ကုရ်အာန်အပြင် အခြားသော ဥဇာ်စဉ်ဗျာဒိတ်များ ရှိနေသည်။ တနည်းအားဖြင့် ကိုယ်တော်က ကျမ်းမြတ်ကုရ်အာန်တွင် မှတ်တမ်းမတင်စေသော ဗျာဒိတ်တော်များ ရှိနေသည်၊ ၎င်းတို့ကို သမိုင်းကျမ်းများ၌သာ တွေ့နိုင်သည်ဟု မိမိတို့ ရေးသားသော သမိုင်းကျမ်းများအား ပရမတ်ဘုရားရှင် (အလ္လာဟ်)၏ ဗျာဒိတ်များ ဖြစ်လေသယောင် မှတ်တမ်းတင်ထားမှုများ ရှိနေပေသည်။ သို့သော် မည်သည့် မွတ်ဆလင်ကမျှ ထိုသမိုင်းကျမ်းများအား ကုရ်အာန်ကဲ့သို့ လက်ခံယုံကြည်ခြင်း မရှိချေ။

| | |
|---|---|
| ၂၈။ | لِمَن شَاء مِنكُمْ أَن يَسْتَقِيمَ۝<br>သင်တို့မှ စံချိန်ပြည့်မှီသူအတွက်  မြဲမြံတည်တံ့သောလမ်းစဉ် ဖြစ်၏။ |
| ၂၉။ | وَمَا تَشَاؤُونَ إِلَّا أَن يَشَاء اللَّهُ رَبُّ الْعَالَمِينَ۝<br>လောကခပ်သိမ်း၏ ကံကြမ္မာရှင် ဖြစ်သော ပရမတ်ဘုရားရှင်၏ စံချိန်မပြည့်မှီဘဲ– သင်တို့သည် စံချိန်ပြည့်မှီမည် မဟုတ်ချေ။ |

---

**(၁၁၃၆)** ကျမ်းတော်အား စတင်ချမှတ်သွန်သင်စဉ်ကပင် ကျမ်းတော်သည် လူသားအားလုံး လူမျိုးနွယ်အားလုံးအတွက် သတိပေးတရားတော် ဖြစ်သည်ဟု ဝမ်းမြောက်ဘွယ် သတင်းပေးထားပေသည်။ သို့ဖြစ်၍ ကျမ်းတော်သည် မည်သည့်လူမျိုးတစ်မျိုး၏ မူပိုင်မျှ မဟုတ်ချေ။ လူသားအားလုံး အကျိုးခံစားနိုင်သည့် ကျမ်းတော်၊ လမ်းညွှန်တော်ပင် ဖြစ်ပေသည်။